MINISTRY OF HUMAN RIGHTS

အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၁၄

၆ ဇူလိုင် ၂၀၂၂

## CRPH ပုံမှန်အစည်းအဝေးသို့ ဒုဝန်ကြီး တက်ရောက်ရှင်းလင်း



လူ့အခွင့်အရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခွန်ဗဟန်းထန်သည် ဇွန် ၁၇ ရက်က ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ - CRPH ၏ ပုံမှန်အစည်းအဝေးသို့ တက်ရောက်ကာဝန်ကြီးဌာန မူဝါဒ၊ လုပ်ငန်း ဆောင်ရွက်ချက်နှင့် တော်လှန်ရေး ကာလအတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြခဲ့သည်။ အစည်းအဝေးသို့ CRPH ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်၊ အတွင်းရေးမှူးအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၊ ရေးရာ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့သည်။ အစည်းအဝေး၌ ဒုတိယ ဝန်ကြီးက မြန်မာနိုင်ငံတွင်း ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ် များနှင့် ပတ်သက်၍ သတင်းအချက်အလက် ရယူ၊ စုဆောင်း၊ ထိန်းသိမ်း ထားမှု၊ နိုင်ငံတကာနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်နိုင်ရေး ပြင်ဆင်နေမှုများကိုလည်း ဆွေးနွေးခဲ့သည်။

## ပြည်ထောင်စုဝန်ကြီးတက်ရောက်ဆွေးနွေးခဲ့သည့် စကားဝိုင်းဆွေးနွေးပွဲများ

- မြန်မာနိုင်ငံတွင်း ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် သာမက အခြားသောဒေသများတွင်ပါ ဖြစ်ပွားလျက်ရှိသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုဖြစ်စဉ်များနှင့် ပတ်သက်ပြီး “Time to End System Impunity” ခေါင်းစဉ်ဖြင့် ဇွန် ၁၉ ရက် နေ့တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ
- “လက်နက်ကိုင်ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုအပေါ် ဘယ်သူတွေမှာ တာဝန်ရှိသလဲ။ ဘယ်လိုကာကွယ်ကြမလဲ” ခေါင်းစဉ်ဖြင့် ဇွန်လ ၁၉ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲ

**ဇွန်လ (၂၁)ရက် ၂၀၂၂ခုနှစ် ည(၁၀)နာရီခွဲ ဝန်းကျင်ခန့်၊ တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ဝဗျောကျေးရွာရှိ အပြစ်မဲ့ ပြည်သူ အမျိုးသမီးတစ်ဦးကို ၄င်း၏နေအိမ်တွင် စစ်ကောင်စီ တပ်သားများနှင့် စစ်ကောင်စီလက်အောက်ခံ စွန်ရဲတပ်ဖွဲ့ မှ ရက်စက်စွာ မတရားသတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်ကို မျက်မြင်ကြုံတွေ့ခဲ့ရသူ ဒေသခံတစ်ဦး၏ ပြောကြားချက် စာ-၃ သို့** ■




မိဘပြည်သူများခင်ဗျာ...

မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည် ဖြစ်စေ၊ ကိုယ့်ပတ် ဝန်းကျင်မှာ လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေး ဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့ က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေနဲ့ ပေးပို့တိုင်ကြားရာ မှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုးကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ်ပေးပို့ တိုင်ကြားနိုင်ပါတယ်။

## နှစ်ပတ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို မှတ်တမ်းတင်နိုင်မှုအခြေအနေ



## စစ်ကောင်စီကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများစွာအနက် အများဆုံး သုံးမျိုး

**(ဇွန်လ ဒုတိယနှစ်ပတ်တာကာလအတွင်း)**

### ကိုယ်ပိုင်ပစ္စည်းများအား ဖျက်စီးခံရမှု

ကိုယ်ပိုင်ပစ္စည်းများအား ဖျက်စီးခံရမှု အနည်းဆုံး (၄၀) ကြိမ် ရှိခဲ့ပြီး နေအိမ်ရာပေါင်းများစွာ မီးရှို့ဖျက်ဆီးခံရကာ ပြည်သူများ အိုးအိမ်စွန့်ခွာ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည်။

စစ်ကိုင်းတိုင်းတွင် ကိုယ်ပိုင်ပစ္စည်းများအား ဖျက်စီးခံရမှု အများဆုံးဖြစ်ပွားကာ စုစုပေါင်း အနည်းဆုံး (၁၅) ကြိမ် ဖြစ်ပွားခဲ့သည်။

### ဥပဒေမဲ့ သတ်ဖြတ်မှု

ဥပဒေမဲ့ သတ်ဖြတ်မှု စုစုပေါင်း အနည်းဆုံး (၄၉) မှု ရှိပြီး အပြစ်မဲ့ အရပ်သားပြည်သူ အနည်းဆုံး (၁၁၉) ဦး သေဆုံးသည်။ သေဆုံးသူများတွင် အသက် (၁) နှစ်အရွယ်ကလေးငယ်မှ အသက် (၆၀) နှစ် အရွယ်အထိ ပါဝင်ပါသည်။

စစ်ကိုင်းတွင် ဖြစ်ပွားမှုအများဆုံး ဖြစ်ကာ စစ်ကိုင်းတိုင်းတွင် ဥပဒေမဲ့ သတ်ဖြတ်မှု အနည်းဆုံး (၂၂) မှု ရှိခဲ့သည်။

### တရားလက်လွတ်ဖမ်းဆီးမှု

တရားလက်လွတ်ဖမ်းဆီးမှု စုစုပေါင်း အနည်း (၃၁) မှုရှိပြီး အနည်းဆုံး (၃၉၆) ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းနှင့် မကွေးတိုင်းတို့တွင် အများဆုံးဖြစ်ကာ အနည်းဆုံး (၉) ကြိမ်စီ ဖြစ်ပွားခဲ့ပါသည်။

---

## "မွေးနေ့ပွဲလေး တစ်ခုကြောင့် အသက်ပေးလိုက်ရတယ်"

**ဇွန်လ (၂၁)ရက် ၂၀၂၂ခုနှစ် ည(၁၀)နာရီခွဲ ဝန်းကျင်ခန့်၊ တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်၊ ဝဗျောကျေးရွာရှိ အပြစ်မဲ့ ပြည်သူ အမျိုးသမီးတစ်ဦးကို ၄င်း၏နေအိမ်တွင် စစ်ကောင်စီ တပ်သားများနှင့် စစ်ကောင်စီလက်အောက်ခံ စွန်ရဲတပ်ဖွဲ့ မှ ရက်စက်စွာ မတရားသတ်ဖြတ်ခဲ့သည့်ဖြစ်စဥ်ကို မျက်မြင်ကြုံတွေ့ခဲ့ရသူ ဒေသခံတစ်ဦး၏ ပြောကြားချက်**

“ကျွန်မက ဒေါ်ကြင် (နာမည်လွှဲ) နဲ့ အမျိုးလည်းတော်သလို အိမ်နီးချင်းလည်းဖြစ်တယ်။ ဒေါ်ကြင် က ဇွန်လ (၁၉)ရက် ၂၀၂၂ခုနှစ် မှာ ဒေါ်အောင်ဆန်းစုရဲ့ ၇၇ နှစ်မွေးနေ့နဲ့ ဘုရားကိုးဆူတင် ဆိုပြီး အိမ်မှာ အလှူလုပ်တယ်။ ဒေါ်ဆောင်ဆန်းစုကြည်မွေးနေ့ အတွက်ဆိုပြီး မွေးနေ့ကိတ်ခွဲတာ တို့လုပ်ကြတယ်။

"မွေးနေ့ပွဲလုပ်တဲ့နေ့ကတော့ ရွာကလူတော်တော်များများကို ဖိတ်ပြီး အလှူလုပ်တာပေါ့။ မွေးနေ့ပွဲနဲ့ အလှူလုပ်ပြီး နှစ်ရက်ကြာ (၂၁ရက်နေ့) မှာ စစ်သားဝတ်စုံနဲ့လူ ၆ ယောက် ဝန်းကျင်နဲ့ ကျွန်မတို့ရွာမှာ နာမည်ကြီးနေတဲ့ စွန်ရဲအဖွဲ့ အရပ်ဝတ်နဲ့လူ ၁၀ ယောက်ဝန်းကျင် ဒေါ်ကြင် ရဲ့ နေအိမ်ကို ဝင်ဝိုင်းကြတယ်။ ဒေါ်ကြင်အိမ်ကို စစ်သားတွေ မဝင်ခင် ရွာထဲကအိမ်နှစ်ဆောင် (အမည်ပြောကြားခြင်း မရှိပါ)ကို ဝင်ရောက်ရှာဖွေခဲ့တယ်။ ပြီးမှ ဒေါ်ကြင်အိမ်ကို လာပြီး ဒေါ်ကြင်ကို ဖမ်းသွားခဲ့တယ်။ ဖမ်းဆီးတဲ့ အချိန် တစ်ညလုံးလည်း သေနတ်ဖောက်သံတွေနဲ့ ဆူညံနေတော့ ဘယ်သူမှ အိမ်အပြင်မထွက်ရဲကြဘူး။ အဖမ်းခံရတဲ့ အချိန်ကတော့ ည (၁၀)နာရီ ခွဲဝန်းကျင်လောက်ဖြစ်မယ် ထင်တယ်။ ကျွန်မတို့လည်း ကြောက်ကြောက်နဲ့ တစ်ညလုံး မအိပ်ရဲကြတော့ အချိန်တွေကို ကောင်းကောင်းမှတ်မိတယ်။ ပြီးတော့ ၃ နာရီလောက်ပဲကြာတယ် (၂၂ရက်နေ့) မနက် ၁နာရီခွဲလောက် ရောက်တော့ ဒေါ်ကြင် အိမ်အရှေ့က မြောင်းထဲကို ကြီးကြီးမားမား ပစ္စည်း တစ်ခုပစ်ချခဲ့တာကို အသံကြား

လိုက်တယ်။ မိုးကလည်း မရွာသေးတော့ မြောင်းထဲမှာ သစ်ရွက်ခြောက်တွေကလည်း ရှိနေတယ် ကျွန်မတို့ကလည်း အိပ်မပျော်တော့ တခုခုကို ပစ်ချတဲ့ အသံကို သေသေချာချာ ကြားခဲ့တယ်။ အဲတာနဲ့ စစ်သားတွေ ရှင်းပြီလို့ ထင်ရတဲ့ အချိန်ရောက်မှ အိမ်နီးချင်းတွေ စုပြီး မြောင်းထဲ သွားကြည့်တဲ့ အချိန် ဒေါ်ကြြင် ရဲ့အလောင်းကို တွေ့လိုက်ရတယ်။ အလောင်းပေါ်မှာ ဓားဒဏ်ရာတွေနဲ့ ညိုမဲနေတဲ့ ဒဏ်ရာတွေနဲ့ ကြည့်လို့ကို မကောင်းတော့ဘူး။ အလောင်းကို အိမ်ပေါ်ယူပြီး သန့်ရှင်းပေးတဲ့ အချိန်မှ နှလုံးတည့်တည့် သေနတ်နဲ့ပစ်ထားတဲ့ ဒဏ်ရာတွေ့ခဲ့တယ်။ တော်တော်လူမဆန်ကြတဲ့သူတွေ။ ဒေါ်ကြြင်က ရွာမှာဆို ရိုးရိုးသားသား ဈေးရောင်းတဲ့သူ။ ဘာအပြစ်မှ လုပ်ထားတာလည်းမရှိဘူး။ မွေးနေ့ပွဲလေး တစ်ခုကြောင့် အသက်ပေးလိုက်ရတယ်။ အလောင်းကိုတော့ ၂၃ရက်၊ ဇွန်လ၊ ၂၀၂၂ခုနှစ် နေ့လည် (၁၂)နာရီမှာ မီးသင်္ဂြိုလ်ခဲ့တယ်။ ရွာမှာလည်း နေ့တိုင်းလိုလို ဓားပြတိုက်၊ လူသတ်၊ မီးရှို့နေကြတဲ့ စွန်ရဲအဖွဲ့တွေရှိတော့ အပြစ်ရှိတဲ့လူပဲဖြစ်ဖြစ် အပြစ်မရှိတဲ့လူပဲဖြစ်ဖြစ် ဘယ်သူမှ မနေရဲကြဘူး။ ရွာသူ၊ ရွာသား အကုန်လုံးနီးပါး နီးစပ်ရာ အမျိုးအိမ်တွေကို ထွက်ပြေးတိမ်းရှောင်နေ ကြရတယ်။

"ကျွန်မတို့ကိုယ်တိုင်တောင် နေအိမ်မှာ မနေတော့ဘူး။ ရွာမှာကျန်ခဲ့တာဆိုလို့ စစ်သားတွေနဲ့ စွန်ရဲ့အဖွဲ့ပဲ ကျန်တယ်။ လူမရှိတဲ့ အိမ်တွေဆိုတော့လည်း သူတို့ စိတ်ကြိုက်လုပ်ချင်သလို လုပ်နေကြတာပေါ့ရှင်။"

## စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

### ၁၁၅
**စစ်လက်နက်ကြောင့် သေဆုံးရတဲ့ ရာကျော်သည့် ကလေးငယ်များ**

အကြမ်းဖက်စစ်တပ်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စ၍ အာဏာသိမ်းပြီးနောက်တစ်နှစ်ကျော်အတွင်း မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းများ (UXO) ကြောင့် သေဆုံးခဲ့ရသည့် ကလေးငယ် ၁၀၀ ကျော် ရှိလာပြီ ဖြစ်သည်။

ကိုးကား - အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ - UNICEF ၊ ဇွန် ၂၄ ရက် ထုတ်ပြန်ချက်

### ၂၀၂၃
**သေဆုံးသူ ထောင်ကျော်**

အကြမ်းဖက်စစ်တပ်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စ၍ အာဏာသိမ်းပြီးနောက် အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်သူများ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်မှုများကြောင့် ပြည်သူနှစ်ထောင်ကျော် သေဆုံးခဲ့သည်။

ကိုးကား - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း - AAPP၊ ဇွန် ၂၇ ရက် ထုတ်ပြန်ချက်

### ၁၄၃၀၄
**ဖမ်းခံရသူ သောင်းကျော်**

အကြမ်းဖက်စစ်တပ်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စ၍ အာဏာသိမ်းပြီးနောက် အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများတွင် ပါဝင်သူများ၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးမှုများကြောင့် ဖမ်းဆီးခံရသူ အရေအတွက် ဖြစ်သည်။

ကိုးကား - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း - AAPP၊ ဇွန် ၂၇ ရက် ထုတ်ပြန်ချက်

# လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းများ

| ဒေသ | မြို့နယ် | ကျေးရွာ | ပစ်ခတ်မှုဖြစ်စဉ် | သေဆုံးသူ | ဒဏ်ရာရသူ |
|---|---|---|---|---|---|
| ၄ | ၁၂ | ၁၇ | ၁၆ | ၁၇ | ၃၀ |

ဇွန် ၁ရက်မှ ၂၈ ရက်အထိ တစ်လတာနီးပါးကာလအတွင်း အကြမ်းဖက်စစ်ကောင်စီမှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုများ ကြောင့် သေဆုံး၊ ဒဏ်ရာရ ခဲ့သည့် ပြည်သူများ စာရင်း ဖြစ်သည်။

ဇွန်လ ၁၆ ရက်က ချင်းပြည်နယ်၊ မင်းတပ်အခြေစိုက် ခလရ - ၂၇၄ က ပစ်ခတ်သည့် လက်နက်ကြီးကျည် မွှီတွီရွာသို့ ကျရောက်ခဲ့သဖြင့် သုံးဦး သေဆုံးကာ တစ်ဦး ဒဏ်ရာရခဲ့သည်။ သေဆုံးခဲ့သူများတွင် အသက် ၇၀ နှင့် ၆၀ နှစ်အရွယ် အမျိုးသားနှင့် အမျိုးသမီးတစ်ဦး၊ သတ်လတ်ပိုင်း အမျိုးသမီး တစ်ဦးတို့ ဖြစ်သည်။

ကယားပြည်နယ်တွင်းရှိ မြို့နယ်သုံးခုတွင် စစ်ကောင်စီ အကြမ်းဖက် တပ်များက ဇွန်လအတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်မှု ခုနစ်ကြိမ် ပြုလုပ်ခဲ့ရာ သေဆုံးသူ အရပ်သား ငါးဦးနှင့် ဒဏ်ရာရသူ ၁၅ ဦး အထိရှိခဲ့သည်။ လက်နက်ကြီး ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် မြို့နယ်များမှာ လွိုင်ကော်၊ ဒီးမော့ဆိုနှင့် မိုးဗြဲမြို့နယ်တို့ ဖြစ်သည်။

ဇွန် ၂၃ ရက်က စစ်ကိုင်းတိုင်း၊ ခင်ဦးနှင့် ရေဦးမြို့နယ်အစပ်တွင် နေရာယူထားသည့် စစ်ကောင်စီ တပ်များက မူးသာရွာ (ခင်ဦး)၊ ကုက္ကိုစုရွာ (ရေဦး) တို့အား လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ တစ်နှစ်ခွဲ အရွယ် ကလေးငယ်အပါအဝင် ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့မှာ မူးသာရွာမှ အသက် တစ်နှစ်ခွဲအရွယ် မအင်ကြင်း အပါ အဝင် ဖခင်ဖြစ်သူ ကိုဦးဇော် (၅၂ နှစ်)၊ မိခင်ဖြစ်သူ ဒေါ်ရည်မွန် (၅၀ နှစ်) တို့ဖြစ်ပြီး ကျန်နှစ်ဦးမှာ ဦးကျော်လှ (၆၅ နှစ်) နှင့် ဒေါ်တင်မာအေး (၅၀ နှစ်) တို့ ဖြစ်သည်။

**မှတ်ချက်** - ယခုအချက်အလက်များအား လွတ်လပ်သော အာရှအသံ သတင်းဌာနက ပြုစုထားသည့် အချက်အလက် များထဲမှ ကောက် နုတ်ရယူထားခြင်း ဖြစ်သည်။




**"လူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် တာဝန်ခံမှုရှိစေရေး ကြိုးပမ်းမှုများတွင် ဆန်းသစ်တီထွင်သည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန်၊ အကြမ်းဖက်စစ်ကောင်စီထံ လက်နက်စီးဆင်းမှုကို တားဆီးရန်၊ ယင်းတို့ ချုပ်ကိုင်ထားသည့် ငွေကြေးအဖွဲ့အစည်းများနှင့် စီးပွားရေး အကျိုးအမြတ်များကို ပိတ်ပင်ဖြတ် တောက်ပစ်ရန်၊ အကြမ်းဖက်စစ်ကောင်စီကို အကြမ်းဖက် အဖွဲ့အစည်းအဖြစ် တရားဝင်စာရင်းသွင်းရန်နှင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ လုပ်ပိုင်ခွင့်နှင့် ရင်းမြစ်များကိုလည်း ပိုမိုခိုင်မာအားကောင်းအောင် လုပ်ဆောင်ရမည် ဖြစ်ပါသည်။"**

လူ့အခွင့်အရေးကောင်စီတွင် ပြောကြားခဲ့သည့်
လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး၏ မိန့်ခွန်းအား
အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြန်လည်တုန့်ပြန်ချက် (၂၁
ဇွန် ၂၀၂၂) မှ ကောက်နုတ်ချက်